
ဘာသာပြန် စာရေးဆရာ – ဉာဏ်လင်းထွန်း
အချိန်ဓားသခင်
(ဇောင်ယုချန်)
(Chapter 2211 - 2224)
စာစဉ် - ၁၄၅

အခန်း - ၂၂၁၁

( ကြွေလွင့်သွားသော…)

မျက်စိတစ်မှိတ်အတွင်း ဇောင်ယုချန်ကို ငရဲပြည် စစ်တပ်ကြီး ဝန်းရံသွားပြီး ဖြာထွက်နေသည့် သတ်ဖြတ်ခြင်း အော်ရာများ ကမ္ဘာတစ်ခုလုံးကို ဖုံးလွှမ်းထားသလိုပင်။

သို့သော် မည်သူမှ ဇောင်ယုချန်နှင့် တစ်ယောက်ချင်း မတိုက်ခိုက်ရဲကြချေ။

ငရဲပြည် ထိပ်တန်း ကျင့်ကြံသူ အများစုက သက်တန့်စံအိမ်ထဲတွင် ဇောင်ယုချန် ထိပ်တန်း ကျင့်ကြံသူ ခုနစ်ယောက်ကို သတ်ဖြတ်ခဲ့ပြီး ရန်ဂူရှန်ပင် နောက်ဆုတ်သွားရသည်ကို မြင်ထားခဲ့သည် မဟုတ်လော။

" ဘန်း…"

ဇောင်ယုချန် အင်ပါယာ မွေးဖွားခြင်း လက်နက်ကို ဝှေ့ယမ်းလိုက်လျှင် ရာပေါင်းများစွာသော ငရဲပြည် ကျင့်ကြံသူများ လေထဲ လွင့်ထွက်ကုန်ပြီး ပြာမှုန့်များ အဖြစ် ပြောင်းလဲသွားသည်။

သို့တိုင် ဇောင်ယုချန်လည်း တန်ဖိုးတစ်ခု ပြန်ပေးဆပ်ခဲ့ရသည်။

ကျန်းလင်နှင့် တုယွမ်တို့ သတ်ဖြတ်ခြင်း ဂင်္ကပါနှင့် ပေါင်းစည်ပြီး အနက်ရောင် ဓားတစ်ချောင်း အဖြစ် ပိုင်းချလာသည့် ဓားချက်ကို သူမ ရှောင်းတိမ်းနိုင်ခဲ့ပေ။

ဇောင်ယုချန်က မြေပြင်ထက် ဒူးတစ်ဖက် ထောက်ကျသွားသည့်တိုင်

ချက်ချင်း ပြန်ထကာ ကျန်းလင်နှင့် တုယွမ် အပြင် သတ်ဖြတ်ခြင်း ဂဏ်ပါ ကိုပါ ရှုးမိုက်စွာ ဝင်ရောက် တိုက်ခိုက်တော့သည်။ ထိုတိုက်ခိုက်မှုကြောင့် ငရဲပြည် ကျင့်ကြံသူ ထောင်ပေါင်းများစွာ သတ်ခံလိုက်ရပြီး မြေပြင်တစ်ခု လုံး သွေးနီရောင် အဖြစ် ပြောင်းလဲသွားသည်။

သို့သော်ငြား အချိန်တို အတွင်း ငရဲပြည် ကျင့်ကြံသူများစွာ ထပ်မံ ထွက် လာပြီး ဇောင်ယုချန်ကို တားဆီးပြန်သည်။

" ဂုန်း..."

ဇောင်ယုချန် နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ရာ မီတာ သုံးရာအတွင်း အလောင်းများနှင့် သွေးများ နေရာအနှံ့ကို ပြန်ကျဲကုန်၏။

သူ့ခန္ဓာကိုယ်ထက်တွင်လည်း ဒဏ်ရာအသစ်များ ရလာပြီး နံရိုးများပင် မြင်နေရလေပြီ။ သို့တိုင် ဂူရှင်း ထွက်ပြေးသွားသည့် လမ်းကြောင်းကို စိုက်ကြည့်နေဆဲပင်။

" ကုံးယွီ..."

ဇောင်ယုချန် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ယခုတွင် သူ့တစ်ကိုယ်လုံး သွေးများ စိုရွှဲနေသော်လည်း လက်လျှော့မည်ပုံ မရချေ။ ထိုအစား တိုက်ခိုက်လိုစိတ်များ ပိုပြင်းထန်လာပြီး အင်ပါယာ မွေး ဖွားခြင်း လက်နက် ကိုင်ဆောင်ရင်း ရှေ့ကိုသာ ဆက်လိုက်လာသည်။

ဗဟို အင်ပါယာ မြို့ပြင်၌ ရုတ်ရုတ်သဲသဲ ဖြစ်လာသဖြင့် ထိပ်တန်း ကျင့်ကြံသူများ အားလုံး သတိထားမိလာကြသည်။

ဗဟို အင်ပါယာ မြို့တော်တွင် ကောင်းကင်ခုံရုံး ကျင့်ကြံသူ သန်းပေါင်း များစွာ စုဝေးနေပြီး ထိုထဲမှ လူနည်းစုသာ သက်တန့်စံအိမ်ကို သွားရောက် ခဲ့ခြင်း ဖြစ်သည်။

အပြင်ဘက်ရှိ ဆူညံသံများကြောင့် ကမ္ဘာခေါင်းဆောင်များ အားလုံး ဇဟို အင်ပါယာ မြို့တော် မြို့ရိုးထက် ရောက်လာကြသည်။

" ဘာတွေ ဖြစ်နေတာလဲ… ဇောင်ယုချန် စိတ်ဖောက်ပြန်သွားတာလား…"

" အဲ့တာ နတ်ဘုရား စွမ်းအားမလား.. ဒဏ္ဍာရီလာ အင်ပါယာ မွေးဖွား ခြင်း လက်နက်ကို ဇောင်ယုချန် ဘယ်လို သုံးနိုင်နေတာလဲ…"

" ဇောင်ယုချန်က သူတစ်ယောက်တည်းနဲ့ ငရဲပြည် ကျင့်ကြံသူတွေ အားလုံးကို တိုက်ခိုက်နိုင်မယ် ထင်နေတာလား… အဲ့လိုသာ ဆိုရင် ကောင်းကင်ခုံရုံးက စစ်တပ်တွေတောင် လွှတ်ပေးစရာမလိုတော့ဘူး…"

" အခု ဇောင်ယုချန်ကို ငရဲပြည် စစ်တပ်တွေ ဝိုင်းထားပြီ…. သူဘယ်လိုမှ နောက်ပြန်ဆုတ်လို့ မရတော့ဘူး…"

…

သက်တန့်စံအိမ်ထဲ ဖြစ်ပျက်ခဲ့သည့် တိုက်ပွဲကို ပြင်ပကမ္ဘာ ကျင့်ကြံသူများ မသိကြသေးချေ။

နတ်ဆိုးနတ်ဘုရား ကမ္ဘာခေါင်းဆောင် တျန်ဖန်းက မျက်မှောင်ကြုပ် ကာ…

" ဇောင်ယုချန်သာ သေသွားရင် ကောင်းကင်ခုံရုံး ကျင့်ကြံသူတွေ အားလုံး စိတ်ဓာတ်ကျကုန်လိမ့်မယ်…"

ထိုသို့ဆို သူတို့ ဝင်ရောက် ကူညီရမည်လော။

ဇောင်ယုချန်ကိုသာ တစ်ယောက်ယောက် ကူညီပေးလျှင် နောက်ပြန် ဆုတ်ဖို့ အခွင့်အရေး ရှိသေးသည်။

သို့သော် ထိုသို့ ပြုလုပ်ဖို့ ထိပ်တန်း ကျင့်ကြံသူများ အားလုံး ပူးပေါင်း တိုက်ခိုက်ဖို့ လိုအပ်သည်။ ဇောင်ယုချန်ကို ကယ်တင်မည်ဆိုလျှင် ထိပ်တန်း

ကျင့်ကြံသူများစွာ စတေးရမည် ဖြစ်သောကြောင့် ကမ္ဘာခေါင်းဆောင်များ အားလုံး အတွေးနက်နေကြသည်။

ကျောက်ယွီက မြို့ရိုးထက်မှ တိုက်ပွဲကို ကြည့်ကာ...

" ဇောင်ယုချန်... မင်း သေချင်နေတာပဲ... အခု မင်း ဘယ်သူကိုမှ အပြစ်တင်လို့ မရတော့ဘူး... မင်း ငရဲပြည် ကျင့်ကြံသူတွေ လက်ထဲမှာ မ သေရင်လည်း ဗြဟ္မာကောင်းကင် နယ်မြေက ဒီအတိုင်း ကြည့်နေမှာ မဟုတ်ဘူး..."

အခြား ကမ္ဘာခေါင်းဆောင်များ အတွေးနက်နေချိန်တွင် ကျောက်ယွီက ဇောင်ယုချန် သေဆုံးဖို့သာ မျှော်လင့်နေမိသည်။

ဇောင်ယုချန်သာ အသက်ရှင်နေမည်ဆိုလျှင် ဗြဟ္မာကောင်းကင် နယ်မြေ အတွက် ကြီးမားသော ခြိမ်းခြောက်မှု တစ်ခု ဖြစ်လာပေလိမ့်မည်။

ဗဟို အင်ပါယာ မြို့တော် အပြင်ဘက်တွင် ကြောက်မက်ဖွယ် သတ်ဖြတ် ခြင်း အော်ရာများ ဖြာထွက်လျက် ရှိပြီး ငရဲပြည် စစ်တပ်များက ပြင်းထန် စွာ တိုက်ခိုက်နေကြသည်။

ဇောင်ယုချန်လည်း အခြေအနေ ပိုဆိုးရွားလာပြီး ခြေတစ်လှမ်း လှမ်း လိုက်တိုင်း ဒဏ်ရာများ ပိုဆိုးရွားလာခဲ့သည်။

" အကိုကြီး... ငါတို့ ဇောင်ယုချန် သတ်ခံရမှာကို ဒီအတိုင်း ကြည့်နေရမှာ လား..." ရွှယ်လင်ရှောင်က မျက်မှောင်ကြုတ်လိုက်မိသည်။

သခင်ရွှယ်ချန်က ခေါင်းခါယမ်းရင်း...

" ဇောင်ယုချန်ကို သတ်ဖို့က ငရဲပြည်ရဲ့ အမိန့် ရည်ရွယ်ချက်ပဲ... အခု အချိန်မှာ ဘယ်သူမှ ဝင်တားလို့ မရဘူး..."

ရွှယ်ချန်က အခြားကလန် ခေါင်းဆောင်များလို မဟုတ်ဘဲ ဇောင်ယုချန်ကို

တိုက်ခိုက်ခြင်း မရှိပေ။ ထိုအစား ကောင်းကင်ခုံရုံး တိုက်ခိုက်မှုများကို ကာကွယ်ဖို့သာ ကောင်းကင်သွေးကလန် ကျင့်ကြံသူများအား ဦးဆောင်ထားသည်။

ထိုကြောင့် သူ ဇောင်ယုချန်ကို မတိုက်ခိုက်သည့်အပေါ် မည်သူမှ အပြစ်တင်လို့ မရတော့ချေ။

ဇောင်ယုချန်၏ နောက်ခံမှာ အလွန် ထူးခြားသောကြောင့် ရွှယ်ကလန် ကျင့်ကြံသူများ အနေဖြင့် ပါဝင်လို့မရပေ။

" ဝမ်းကွဲအကိုကို ငါတကယ် လေးစားတယ်... သူချစ်ရတဲ့ လူအတွက်ဆို သေရမယ်ဆိုတောင် ကြောက်မနေဘူး... ကံဆိုးတာက သူနဲ့ ရင်ဆိုင်ရတာ ငရဲပြည် တစ်ခုလုံး ဖြစ်နေတာပဲ..." ရွှယ်လင်ရှောင်က သက်ပြင်းချလိုက်သည်။

" ခံစားချက် ရှိတဲ့ လူတိုင်း အားနည်းချက်ဆိုတာ ရှိတယ်... ဒါပေမဲ့ ဘယ်သူက ခံစားချက်တွေကို ဖျောက်ဖျက်နိုင်လို့လဲ..."

နတ်ဘုရားများတွင်ပင် သူတို့ ဂရုစိုက်သော လူများ ရှိနေသေးသည် မဟုတ်ပါလား။

အခြား တစ်ဖက်တွင် လျိုရှုမျိုးနွယ် မင်းသမီးကလည်း ဇောင်ယုချန်ကို စောင့်ကြည့်နေသည်။

လျိုရှုမျိုးနွယ် မင်းသမီးမှာ ဇောင်ယုချန်နှင့် ပတ်သက်လာလျှင် အမြဲတမ်း ခံစားချက်များ ရောထွေးခဲ့ရသည်။ သို့သော် သူတို့ နှစ်ယောက် ပတ်သက်မှုမှာ နက်ရှိုင်းခြင်း မရှိဘဲ ဇောင်ယုချန်က သူမကို ရန်သူ တစ်ယောက်လိုသာ ဆက်ဆံခဲ့၏။

ယခင်ကဆို သူမ အစီအစဉ်တိုင်း အောင်မြင်ခဲ့သော်လည်း ဇောင်ယုချန်

နှင့် တွေ့ဆုံပြီးနောက် ကျရှုံးမှုများဖြင့်သာ ဆက်တိုက် အဖော်ပြုနေရသည်။

ဇောင်ယုချန်က အမြဲ သူမ မထင်မှတ်ထားသည့် အရာများ လုပ်လေ့ရှိသူပင်။ လက်ရှိတွင်လည်း သမီးဖြစ်သူကို ကယ်တင်ဖို့ ကိုယ့်အသက်ကိုပင် ဂရုမစိုက်ဘဲ ငရဲပြည် တစ်ခုလုံးနှင့် စစ်ခင်းနေပြန်လေပြီ။

ထိုမြင်ကွင်းကြောင့် လျိုရှမျိုးနွယ် မင်းသမီး စိတ်ထဲ ဇောင်ယုချန်ကို အလွန် လေးစားပြီး ထူးဆန်းသော ခံစားချက်မျိုး ပေါက်ဖွားလာသည်။

ဇောင်ယုချန်လို လူများကိုသာ အစစ်အမှန် သူရဲကောင်းဟု ခေါ်ဆိုနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ ယောကျာ်းမျိုးကို မည်သည့် မိန်းကလေးမျိုးက သဘောမကျဘဲ နေမည်နည်း။

လျိုရှမျိုးနွယ် မင်းသမီးက အံတင်းတင်းကြိတ်ကာ ဇောင်ယုချန် ရှေ့ဆက်မတိုးဖို့သာ ဆုတောင်းနေမိသည်။

နောက်ဆုံးတွင် ဗဟို အင်ပါယာ မြို့ရိုးပေါ်ရှိ မင်းသား တျန်ဖန်းလည်း သူ့စိတ်ကူးကို ပြောပြပြီး ကောင်းကင်ခုံရုံး ကမ္ဘာ ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့သည်။

" ဇောင်ယုချန် တစ်ယောက်တည်း တိုက်ခိုက်နေတာကို ငါတို့ ကြည့်နေမယ်ဆိုရင် ငရဲပြည် ကျင့်ကြံသူတွေက ငါတို့ကို သူရဲဘောကြောင်တဲ့ လူတွေလို့ ထင်လာလိမ့်မယ်..." မင်းသား တျန်ဖန်းက ပြောသည်။

သူတော်စင်ဘုရင် ဝမ်ကျန်းလည်း ခေါင်းညိတ်ပြကာ...

" အမှန်ပဲ... အရင်ဆုံး ရန်ဂူရှန်က ဗဟို အင်ပါယာ မြို့တော်ထဲ ခိုးဝင်ပြီး သက်တန့် စံအိမ်ကို တိုက်ခိုက်ခဲ့တာ... ငါတို့ ဒီအတိုင်း ကြည့်နေလို့ မဖြစ်ဘူး... ညီအကို ကွမ်စမ်း... မင်းကော ဘယ်လိုထင်လဲ..."

ကမ္ဘာခေါင်းဆောင်များ အားလုံးက လူငယ်လေး တစ်ယောက်ကို ကြည့်

လိုက်ကြသည်။

ထိုလူငယ်လေးမှာ ကွမ်စမ်း ယွမ်ဟောင် အမည်ရသည့် ပန်ဂုကမ္ဘာ ခေါင်းဆောင်ပင်။ သို့သော် အမြဲတစေ သိုသိုသိပ်သိပ် နေလေ့ရှိသောကြောင့် ကျော်ကြားခြင်း မရှိချေ။

" ကောင်းကင်ခုံရုံးနဲ့ ငရဲပြည် တိုက်ခိုက်နေတာ အရင်ကတည်းကလေ... အခု ငါတို့ တိုက်ခိုက်ဖို့ အချိန်တန်ပြီ... မဟုတ်ရင် ငါတို့ ကန်လန်ကမ္ဘာကို ဘာလာလုပ်ကြတာလဲ..." ကွမ်စမ်း ယွမ်ဟောင်က လေးနက်သော အမူအရာဖြင့် တုန့်ပြန်လိုက်သည်။

" အခု ဓောင်ယုချန် ငရဲပြည် စစ်သည် သန်းသုံးဆယ်ကျော်ကို တစ်ယောက်တည်း ရင်ဆိုင်နေတာ ငါတို့အတွက် အခွင့်ကောင်းပဲ... ငါတို့သာ သူတို့ အားလုံးကို ဖိနှိပ်နိုင်မယ်ဆိုရင် ငရဲပြည် အထိနာသွားမှာ သေချာတယ်..."

မင်းသား တျန်ဖန်းနှင့် သူတော်စင်ဘုရင် ဂူကျန်းတို့လည်း ကွမ်စမ်း ယွမ်ဟောင် စကားကို ထောက်ခံကာ ခေါင်းညိတ်လိုက်ကြသည်။

ကုန်ကုန်ပြောရလျှင် ကန်လန်ကမ္ဘာ စစ်မြေပြင်တွင် ကောင်းကင်ခုံရုံး ထိပ်တန်း ကျင့်ကြံသူများဘက်မှ ကြိမ်ဖန်များစွာ ရှုံးနိမ့်ခဲ့သောကြောင့် ကျင့်ကြံသူ အများစုမှာ စိတ်ဓာတ်ကျဆင်းနေပြီ ဖြစ်သည်။ ထို့ကြောင့် သူတို့ အတွက် ကြီးကျယ် ခမ်းနားသော အောင်ပွဲ တစ်ခုလိုအပ်၏။

ကျောက်ယွီမှာမူ အုပ်စိုးသူ ကမ္ဘာ သုံးခု ခေါင်းဆောင်များ သဘောတူညီမှု ရသွားသည်ကို မြင်လျှင် စိုးရိမ်လာမိသည်။

" ဓောင်ယုချန်သာ အသက်ရှင်နေရင် ဗြဟ္မာကောင်းကင် နယ်မြေ ဘယ်တော့မှ အေးချမ်းမှာ မဟုတ်တော့ဘူး..."

သို့သော် ကျောက်ယပ္ပီ အတွေးများက အသုံးမဝင်ပေ။ ဖြဟ္မာကောင်းကင် နယ်မြေ ထိပ်တန်း ကျင့်ကြံသူများ အားလုံး ကျီဝေ နန်းတော်ထဲတွင် သေဆုံးသွားသောကြောင့် လက်ရှိတွင် အခြား အုပ်စိုးသူကမ္ဘာ သုံးခု ဆုံးဖြတ်ချက်သာ အတည် ဖြစ်နေလေပြီ။

သူက ဖြဟ္မာကောင်းကင် နယ်မြေ၏ ကမ္ဘာ ခေါင်းဆောင် တစ်ယောက် ဖြစ်သော်လည်း ကွမ်စမ်း ယွမ်ဟောင် အပါအဝင် အခြား လူများနှင့် ယှဉ်လို့ မရချေ။

ကွမ်စမ်း ယွမ်ဟောင် အပြင် အခြား နှစ်ယောက်ပါ အမိန့်ပေးလိုက် သည်နှင့် ကောင်းကင်ခံ့ရုံး စစ်တပ်များ ချက်ချင်း စုစည်းလာကြသည်။

မြို့တော် အပြင်ဘက်၌မူ ဇောင်ယုချန်က ရှေ့ဆက်တိုးနေပြီး ငရဲပြည် ကျင့်ကြံသူများကို အဆက်မပျက် သတ်ဖြတ်လျက် ရှိသည်။

ရလဒ်အနေဖြင့် သူ့ဒဏ်ရာများမှာလည်း ပိုဆိုးရွားလာပြီး အသက်စိမ့်စမ်း ရေ အဆက်မပြတ် သောက်သုံးနေသည့်တိုင် ပြန်ကောင်းခြင်း မရှိတော့ပေ။

ရုတ်တရက် ငရဲပြည် ကျင့်ကြံသူများက အစီအစဉ် ပြောင်းလဲကာ ဇောင် ယုချန် အမြန်ဆုံး အဆုံးသတ်ဖို့ ကြိုးစားလာသည်။

ရှီကျွယ်ရှင်း ဦးဆောင်သည့် ထောင်ပေါင်းများစွာသော ကျောက်တုံး ကလန် ကျင့်ကြံသူများက မီးခိုးရောင် တောင်တန်းကြီး ထုတ်ဖော်ကာ ဇော င်ယုချန်ကို ဖိနှိပ်သည်။

" ဂုန်း..."

ဇောင်ယုချန်လည်း အင်ပါယာ မွေးဖွားခြင်း လက်နက်ကို ဝှေ့ယမ်းလိုက် ရာ တောက်ပသော အလင်းတန်း တစ်ချက် ဖြာထွက်လာပြီး မီးခိုးရောင် တောင်တန်းကို ဖြတ်ပိုင်းသွား၏။

အရိုးကလန် ကျင့်ကြံသူများကလည်း စွမ်းအားများ စုစည်းကာ အရိုးစု လက်ချောင်းကြီးဖြင့် တိုက်ခိုက်သည်။

" ဘန်း..."

ဇောင်ယုချန်က တစ်ချိန်တည်းတွင် တိုက်ခိုက်မှု နှစ်ခုကို ကာကွယ်ဖို့ မဖြစ်နိုင်သောကြောင့် အနက်ရောင် အရိုးလက်ချောင်း ထိမှန်ကာ လွင့်ထွက်သွားတော့သည်။

သူက မီးနတ်ဘုရား ချပ်ဝတ် ဝတ်ဆင်ထားပြီး လနတ်ဘုရားမ၏ နတ်ဘုရား အကာအကွယ် သင်္ကေတများ ရှိသည့်တိုင် အနက်ရောင် အရိုးလက်ချောင်းထဲမှ စွမ်းအားကြောင့် ခန္ဓာကိုယ် တစ်ခုလုံး နက်မှောင်သွားဆဲပင်။

" ဝေါ့..."

ဇောင်ယုချန် အင်ပါယာ မွေးဖွားခြင်း လက်နက်ကို မြေပြင်ပေါ်တွင် ထောက်ထားရင်း သွေးတစ်လုပ် အန်ထုတ်လိုက်ရသည်။

" ဇောင်ယုချန် ဒီနေ့က မင်း အဆုံးသတ်ပဲ... နောက်နှစ် ဒီလို အချိန်က မင်း နှစ်ပတ်လည်နေ့ဆိုတာ သေချာတယ်... ဒါပေမဲ့ အဲ့အချိန်ဆို ဘယ်သူမှ မင်းကို မှတ်မိမှာတောင် မဟုတ်တော့ဘူး..." ရှီဟွမ်းက နှာခေါင်းရှုံ့ကာ ပြောသည်။

ဇောင်ယုချန်က ရှီဟွမ်းကို တုန့်ပြန်မနေပေ။ အင်ပါယာ မွေးဖွားခြင်း လက်နက်ကိုသာ ငေးယမ်းလိုက်သည်။

...

" ဂုန်း..."

ထိုအချိန်တွင် ဗဟို အင်ပါယာ မြို့တံခါးများ ပွင့်လာပြီး ကောင်းကင်ခုံရုံး

စစ်တပ်ကြီး ပြေးထွက်လာခဲ့၏။

လက်ရှိ ကောင်းကင်ခုံရုံး စစ်တပ်ကို မင်းသား တျန်ဖန်း၊ သူတော်စင်ဘုရင် ဂူကျန်း၊ ကွမ်စမ်း ယွမ်ဟောင်နှင့် အခြား ကမ္ဘာ ခေါင်းဆောင်များက ဦးဆောင်ထားသည်။

" သူတို့ အားလုံးကို တားဆီးကြ... ဖောင်ယုချန်ကို အမြန်ဆုံး သတ်မှ ဖြစ်မယ်..." ငရဲပြည် ထိပ်တန်း ကျင့်ကြံသူ တစ်ယောက်က အမိန့်ပေးသည်။

ချက်ချင်း ဆိုသလို ငရဲပြည် စစ်တပ်များ ဦးတည်ချက် ပြောင်းလဲကာ ကောင်းကင်ခုံရုံး စစ်တပ်များကို ရင်ဆိုင်လိုက်ကြသည်။

သို့သော် ဖောင်ယုချန်ကို ကိုင်တွယ်နေသည့် ငရဲပြည် စွမ်းအားမှာ သိသိသာသာ အားနည်းသွားချေပြီ။

ဖောင်ယုချန်က ထိုသည်ကို အခွင့်ကောင်းယူပြီး ရှေ့ကို ဆက်တိုးဖို့ ကြိုးစားသည်။

" ဂက်ပါ ဖွဲ့စည်းစမ်း..."

ကျယ်လောင်သည့် အော်ဟစ်သံနှင့်အတူ အားကောင်းသော သတ်ဖြတ်ခြင်း ဂက်ပါ အသက်ဝင်လာပြီး ဖောင်ယုချန် ဘေးပတ်လည် ကီလိုမီတာ ငါးရာကို ဖုံးလွှမ်းသွား၏။ ကောင်းကင်ထက်၌လည်း ကြီးမားသော တောင်တန်းကြီးများ ထွက်ပေါ်လာကာ စတင် ဖိနှိပ်တော့သည်။

" ဘန်း..."

ထိုသတ်ဖြတ်ခြင်း ဂက်ပါမှာ ငရဲပြည် ဂက်ပါသခင် ရာပေါင်းများစွာဖြင့် တည်ဆောက်ထားခြင်း ဖြစ်သောကြောင့် ပြိုင်ဘက်ကင်း သူတော်စင်များပင် ချိုးဖျက်ဖို့ မလွယ်ကူချေ။

သူတော်စင်ဘုရင် တစ်ယောက်က ငရဲပြည် တစ်ခုလုံးကို မည်သို့

တိုက်ခိုက်နိုင်မည်နည်း။

ထိုဂဏ်ပါထဲတွင် အမှန်တရား ဖွေရှာခြင်းအဆင့် ပြိုင်ဘက်ကင်း သူတော်စင်များပင် သေဆုံးသွားနိုင်သောကြောင့် သူတော်စင်ဘုရင် တစ်ယောက်ဆိုလျှင် ပြောနေစရာမလိုတော့ပေ။

ဇောင်ယုချန် အကြည့်များလည်း ပိုအေးစက်လာပြီး အင်ပါယာ မွေးဖွားခြင်း လက်နက်၏ အားကောင်းသော နတ်ဘုရား စွမ်းအား ထုတ်ဖော်သည်။

သို့သော် နတ်ဘုရား စွမ်းအားများက ဂဏ်ပါနှင့် ရင်ဆိုင်မိချိန်တွင် ချက်ချင်း ပျက်ပြယ်ကုန်သည်။

" ဝှစ်..."

ရုတ်တရက် သတ်ဖြတ်ခြင်း ဂဏ်ပါထဲမှ ဓာတ်ကြီးလေးပါး စွမ်းအားများ အသက်ဝင်လာပြီး ဇောင်ယုချန်ကို အဆက်မပျက် တိုက်ခိုက်တော့သည်။

ဇောင်ယုချန်က အင်ပါယာ မွေးဖွားခြင်း လက်နက်ကို အဆက်မပျက် ဝှေ့ယမ်းကာ တိုက်ခိုက်သော်လည်း သတ်ဖြတ်ခြင်း ဂဏ်ပါကို ဖျက်ဆီးနိုင်ခြင်း မရှိပေ။ ထိုအစား တဖြည်းဖြည်း အားနည်းလာခဲ့သည်။

ငရဲပြည် ကျင့်ကြံသူလည်း ထိုအချိန်မှသာ စိတ်သက်သာရာ ရသွားပြီး ကျယ်လောင်စွာ ရယ်မောလိုက်ကြသည်။

သူတို့ အမြင်တွင် ဇောင်ယုချန်က ပိတ်လှောင်ခံထားရသည့် သားရဲ တစ်ယောက်နှင့် မခြားတော့ပေ။

" ဇောင်ယုချန်... မင်းဘယ်လိုပဲ လုပ်လုပ် အသုံးမဝင်ဘူး... ဒီနေ့ မင်းသေရလိမ့်မယ်..." ရှီကျွယ်ရှင်းက ကျယ်လောင်စွာ ရယ်မောသည်။

လန်ရှွယ်ကျီလည်း နှာခေါင်းရှုံ့ကာ...

" မင်းက ပြိုင်ဘက်ကင်း သူတော်စင် အဆင့်အောက် အားအကောင်းဆုံး သူတော်စင်ဘုရင်လား.. အဲ့တော့ ဘာဖြစ်လဲ... ငရဲပြည်ရဲ့ အစီအစဉ်တွေကို ဖျက်ဆီးတဲ့ လူတိုင်း တန်ဖိုး တစ်ခု ပေးဆပ်ရမယ်... ကပ်ဘေး ဆယ်ပါး နတ်ဘုရားလို အားကောင်းတဲ့ နတ်ဘုရားတောင် နောက်ဆုံး သေဆုံးရတာ ပဲ..."

ဇောင်ယုချန် ပိတ်မိနေသည်ကို မြင်လျှင် ကျောက်ယွီ ခံစားချက်များ ထိန်းချုပ် မထားနိုင်တော့ဘဲ ပျော်ရွှင်သော အမူအရာမျိုး ဖြစ်လာခဲ့သည်။

" ဇောင်ယုချန်... နောက်ဆုံးတော့ မင်းသေရတော့မယ်... အရာ အားလုံး က ကံကြမ္မာ အတိုင်း ဖြစ်လာတာပဲ... မင်း ဘယ်လောက်ပဲ အားကောင်း ကောင်း ကံကြမ္မာကို လွန်ဆန်လို့ မရဘူး..."

အဝေးမှ စောင့်ကြည့်နေသည့် လိုျူရှမျိုးနွယ် မင်းသမီးပင် ဇောင်ယုချန် ပိတ်မိနေသည်ကို မြင်လျှင် ကူကယ်ရာမဲ့စွာဖြင့် သက်ပြင်းချလိုက်မိသည်။

" ငါ့ ကံကြမ္မာက ဒီအတိုင်း အဆုံးသတ်သွားမှာလား..."

ဇောင်ယုချန်သာ ယခုလို သေဆုံးသွားလျှင် သူမ ကံကြမ္မာ မည်သို့ ဖြစ်လာမည်နည်း။

သတ်ဖြတ်ခြင်း ဂင်္ကပါထဲတွင်မူ ဇောင်ယုချန်က အင်ပါယာ မွေးဖွား ခြင်း လက်နက် အသုံးပြုကာ အစွမ်းကုန် တိုက်ခိုက်နေဆဲပင်။

" ကုံးယွီ မင်းဘာမှ မဖြစ်စေရဘူး..."

လက်ရှိတွင် ဇောင်ယုချန် အလွန် ဒေါသ ထွက်နေသော်လည်း သူ့မျက်လုံး များထဲ ဝမ်းနည်းမှုများကို အတိုင်းသား မြင်နေရသည်။

သူက အားနည်းသူ တစ်ယောက် မဟုတ်သော်လည်း သမီး ဖြစ်သူကို မ စောင့်ရှောက်နိုင်ရာ မည်သို့ အဖေ အဖြစ် ခေါ်ထိုက်တော့မည်နည်း။

ငရဲပြည်၏ နတ်ဘုရားသာ ချီကုံးယွီ၏ ခန္ဓာကိုယ် ပိုင်ဆိုင်ဖို့ စိတ်ဝိညာဉ်ကို သန့်စင်လိုက်လျှင် သူတစ်သက်လုံး အပြစ်ရှိသလို ခံစားနေရပေလိမ့်မည်။

" မဟုတ်ဘူး.. ငါလက်လျှော့လို့ မဖြစ်သေးဘူး... ကုံးယွီကို ငါကယ်ရမယ်..." ဇောင်ယုချန် စိတ်ထဲတွင် ကျယ်လောင်စွာ ကြွေးကြော်ရင်း မျက်လုံးများက ထက်ရှလာခဲ့သည်။

သူ ထုတ်ဖော်ထားသည့် အော်ရာပင် အစောပိုင်းကနှင့် မတူတော့ပေ။

သူတော်စင် သွေးကြော တစ်ရာ လေးဆယ့်လေးခုမှလည်း သူတော်စင် အလင်းများ ဖြာထွက်လာကာ တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားလေပြီ။

လက်ရှိ အခြေအနေအရ ဇောင်ယုချန် ရွေးချယ်စရာ မရှိတော့သဖြင့် ပြိုင်ဘက်ကင်း သူတော်စင် အဆင့်ကို ချိုးဖျက်ဖို့ ဆုံးဖြတ်လိုက်ခြင်းပင်။

ဇောင်ယုချန်ထံမှ ကြောက်မက်ဖွယ် စွမ်းအားများ ဖြာထွက်လာပြီး သူတော်စင် သွေးကြောများ ပိုကျယ်ပြန့်လာ၏။

" ဒါ ပြိုင်ဘက်ကင်း သူတော်စင် အဆင့်ကို ချိုးဖြတ်နေတာ..."

ဇောင်ယုချန် တိုက်ပွဲအလယ်၌ အဆင့် ချိုးဖြတ်နေသည်ကို မြင်လျှင် ငရဲပြည် ထိပ်တန်း ကျင့်ကြံသူများ အားလုံး အမူအရာ ပြောင်းလဲကုန်သည်။

ထို့အပြင် ဇောင်ယုချန်ကို သူတော်စင်ဘုရင် အဆင့်အတွင်း ခန္ဓာကိုယ်အား အင်မော်တယ် ခန္ဓာကိုယ် အဆင့်ထိ ရောက်အောင် ကျင့်ကြံထားနိုင်မည်ဟု မည်သူမှ မထင်ထားကြပေ။

သူတော်စင်ဘုရင်တိုင်းက ခန္ဓာကိုယ်ကို ပြိုင်ဘက်ကင်း သူတော်စင် အဆင့်ထိ ရောက်အောင် ကျင့်ကြံနိုင်ဖို့ ကြိုးစားလေ့ရှိသည်။ သို့သော် ထို အဆင့်ကို ရောက်ဖို့မှာ အလွန်ခက်ခဲသဖြင့် ကျင့်ကြံသူ တစ်ရာတွင် တစ်

ယောက်ပင် အောင်မြင်ဖို့ မသေချာချေ။

ရန်လီယန်လို အားကောင်းသော ခန္ဓာကိုယ် ကျင့်ကြံသူပင် ခန္ဓာကိုယ်ကို အင်မော်တယ် အဆင့်ထိ မကျင့်ကြံနိုင်ဘဲ သေလုနီးပါး ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

နောက်ဆုံးတွင် ဖောင်ယုချန်က ရန်လီယန်ကို ကျော်လွန်ပြီး ထိုအဆင့်ကို တတ်လှမ်းရောက်သွားလေပြီ။

...

ဖောင်ယုချန် အောင်မြင်မှုများကို ကြည့်ရသည်မှာ လွယ်ကူသည်ဟု ထင်ရသော်လည်း တစ်စုံတစ်ခုသာ မှားယွင်းသွားလျှင် ချက်ချင်း သေဆုံးသွားနိုင်၏။

ဖောင်ယုချန်က တုန့်ဆိုင်းခြင်း မရှိဘဲ အားကောင်းသော စွမ်းအားများ စုစည်းကာ နှလုံးသားထဲ ထည့်သွင်းသည်။

တခဏချင်း သူ့ နှလုံးသားမှာ ပိုအားကောင်းလာပြီး အင်မော်တယ်အဆင့် အော်ရာများ ဖြာထွက်လာခဲ့သည်။

ဖောင်ယုချန်က သူတော်စင်ဘုရင် အကန့်အသတ်အဆင့်ထိ ကျင့်ကြံထား သဖြင့် ချီလမ်းစဉ်၌ အချိန်မရွေး အင်မော်တယ် အဆင့် ပြိုင်ဘက်ကင်း သူတော်စင် ဖြစ်လာဖို့ မခက်ချေ။ သို့သော် ခန္ဓာကိုယ်အား ပြိုင်ဘက်ကင်း သူတော်စင် အဆင့်ရောက်အောင် ချိုးဖြတ်ခြင်းမှာမူ မတူညီသော အရာပင်။

" ဂုန်း.."

ဖောင်ယုချန် သဘာဂ စွမ်းအင် ငါးမျိုး ခန္ဓာကိုယ်က ဓာတ်ကြီးငါးပါး အလင်းများဖြင့် တောက်ပနေရင်း တရိပ်ရိပ် ပိုအားကောင်းလာပြီး

သူတော်စင် အဆင့်ကို ကျော်လွန်သွားလေတော့သည်။

" ဓောင်ယုချန် ပြိုင်ဘက်ကင်း သူတော်စင် ဖြစ်သွားပြီ... အရာခပ်သိမ်း ဖျက်ဆီးခြင်း မိုးကြိုး ကပ်ဘေး ကျဆင်းလာတော့မယ်... ဂဏ်ပါတွေ ချက်ချင်း ရုတ်သိမ်းတော့... မဟုတ်ရင် အားလုံး သေကုန်လိမ့်မယ်..." ငရဲ ပြည် ထိပ်တန်း ကျင့်ကြံသူ တစ်ယောက်က စိုးရိမ်တကြီးဖြင့် အော်ဟစ် လိုက်သည်။

အရာခပ်သိမ်း ဖျက်ဆီးခြင်းမိုးကြိုး ကပ်ဘေးမှာ ပြိုင်ဘက်ကင်း သူတော်စင် ဖြစ်လာသူတိုင်း ကျော်ဖြတ်ရသည့် ကပ်ဘေးပင်။

အမှောင်နတ်ဘုရား သားတော် ပြိုင်ဘက်ကင်း သူတော်စင် ဖြစ်လာချိန် တွင် မိုးကြိုးကပ်ဘေး မကျဆင်းလာရခြင်းမှာ အစစ်အမှန်နဂါးကျွန်း၏ ထူးဆန်းသော ပတ်ဝန်းကျင် အခြေအနေကြောင့်သာ ဖြစ်သည်။

အရာခပ်သိမ်း ဖျက်ဆီးခြင်း မိုးကြိုးကပ်ဘေးကို မကျော်ဖြတ်ခဲ့ရ သည့်အတွက် အမှောင်နတ်ဘုရား သားတော်လည်း ပြိုင်ဘက်ကင်း သူတော်စင် တစ်ယောက်၏ အထွတ်အထိပ် စွမ်းအားကို မထုတ်ဖော်နိုင်ခဲ့ ပေ။

ထိုမိုးကြိုးကပ်ဘေးမှာ အလွန် ထူးခြား ဆန်းကြယ်ပြီး ပြင်ပ အင်အားစု များ ဝင်ရောက်လာလေ အဆပေါင်းများစွာ ပိုပြင်းထန်လာလေ ဖြစ်သည်။

" ဂုန်း..."

ကောင်းကင်နှင့် မြေပြင်ထက်၌ မရေတွက်နိုင်သော သူတော်စင် စည်းမျဉ်းများစွာ စုစည်းလာပြီး တောက်ပသော ရွှေရောင် အလင်းတန်း များ အသွင် ပြောင်းလဲ၍ ဓောင်ယုချန် ခန္ဓာကိုယ်ထဲ စိမ့်ဝင်လာသည်။

အရာခပ်သိမ်း ဖျက်ဆီးခြင်း မိုးကြိုး ကပ်ဘေးက ဓောင်ယုချန် ခန္ဓာကိုယ်

ထဲရှိ သူတော်စင် စည်းမျဉ်းများကို သန့်စင်လိုက်မှသာ အစစ်အမှန် ပြိုင်ဘက်ကင်း သူတော်စင်စွမ်းအား အသုံးပြုနိုင်မည် ဖြစ်သည်။

ကုန်ကုန်ပြောရလျှင် သူတော်စင်ဘုရင်အဆင့်၌ ပိုအားကောင်းလေ အရာ ခပ်သိမ်း ဖျက်ဆီးခြင်း မိုးကြိုး ကပ်ဘေးကို ကျော်ဖြတ်ဖို့ ခက်ခဲလေပင်။

သူတော်စင်ဘုရင် ကျင့်ကြံသူ အများစုမှာ နတ်ဘုရား တာအို တစ်ခုတည်း ကိုသာ ကျင့်ကြံလေ့ ရှိသောကြောင့် ပြိုင်ဘက်ကင်း သူတော်စင် ဖြစ်လာ လျှင်လည်း ကောင်းကင်နှင့် မြေပြင်ရှိ သူတော်စင် စည်းမျဉ်း တစ်ခုကိုသာ ပေါင်းစည်းဖို့ လိုအပ်သည်။

ဖောင်ယုချန်ကမူ အချိန်တာအို၊ ဟင်းလင်းပြင်တာအို၊ အမှန်တရားတာ အို၊ ဓားတာအို၊ လက်ဝါးတာအို၊ လက်သီးတာအိုနှင့် သဘာဝ စွမ်းအင် ငါး မျိုး ခန္ဓာကိုယ်တို့ကို ပြီးပြည့်စုံခြင်းအဆင့်ထိ ကျင့်ကြံထားသည်။

ထို့ကြောင့် ကောင်းကင်နှင့် မြေပြင်ရှိ တာအို ဆယ့်တစ်ခုကို ပေါင်းစည်းဖို့ လိုလေပြီ။ ထိုကဲ့သို့ ပြီးပြည့်စုံခြင်း အဆင့်ထိ ကျင့်ကြံထားသူများက ကောင်းကင်နှင့် မြေပြင်ရှိ သူတော်စင် စည်းမျဉ်းများနှင့် ပေါင်းစည်း ရာတွင် အန္တရာယ်များလွန်းသည်။

ကောင်းကင်နှင့် မြေပြင်ရှိ သူတော်စင် စည်းမျဉ်းများက အလွန် အားကောင်းသောကြောင့် ဖောင်ယုချန် ခန္ဓာကိုယ်နှင့် သူတော်စင် စိတ် ဝိညာဉ်မှာ အလွန် နာကျင်စွာ ခံစားနေရသည်။

ထိုသည်ကို မြင်လျှင် ငရဲပြည် ကျင့်ကြံသူများလည်း အလွန်ထိတ်လန့် ကုန်ကြသည်။

သမိုင်းတစ်လျှောက် မှတ်တမ်းများ အရဆို ကောင်းကင်နှင့် မြေပြင်ရှိ သူတော်စင် စည်းမျဉ်း ဆယ့်တစ်ခု မဆိုထားနှင့် သူတော်စင် စည်းမျဉ်း

တစ်ခုပင် အလွန် နာကျင်စွာ ခံစားရသည် မဟုတ်ပါလား။

ခဏအကြာတွင် ဇောင်ယုချန် ခန္ဓာကိုယ်ထဲကို မရေတွက်နိုင်သော အချိန်နှင့် ဟင်းလင်းပြင် သူတော်စင် စည်းမျဉ်းများ ဝင်ရောက်လာပြီး အချိန်မြစ်နှင့် ထူးဆန်းသော ဟင်းလင်းပြင် နယ်မြေ တစ်ခု အသွင် ပြောင်းလဲသွားသည်။

အချိန်နှင့် ဟင်းလင်းပြင် သူတော်စင် စည်းမျဉ်းများမှာ မိုးကြိုး ကပ်ဘေး၏ အရေးအကြီးဆုံး အပိုင်းပင်။

ဇောင်ယုချန်က အရာခပ်သိမ်း ဖျက်ဆီးခြင်း မိုးကြိုး ကပ်ဘေး ပြီးဆုံးသွားပြီဟု တွေးမိသည့် အချိန်တွင် သူခန္ဓာကိုယ်ထက်ရှိ ဖိအားမှာ နှစ်ဆ ပိုများလာခဲ့သည်။

သူ့ အထက်ကောင်းကင်၌မူ အလင်းအကာအရံ ကိုးခု ဝန်းရံနေပြီး ကောင်းကင်နှင့် မြေပြင်ရှိ မရေတွက်နိုင်သော သူတော်စင် စည်းမျဉ်းများ ရောယှက်လျက် ရှိသည်။

" ငါ အင်ပါယာမင် ကောင်းကင်ကိုးဆင့်ကျမ်းကို ကျင့်ကြံထားလို့ ဒီလိုဖြစ်လာတာလား..."

ဇောင်ယုချန်လည်း အင်ပါယာမင် ကောင်းကင်ကိုးဆင့်ကျမ်း၏ အဆင့်ကိုးဆင့်လုံးကို တစ်ချိန်တည်းတွင် ထုတ်ဖော်လိုက်သည်။

ရုတ်တရက် ကောင်းကင်ထက်မှ ထူးဆန်းသော အမှတ်အသားများ သူ့ခန္ဓာကိုယ်ထဲ စိမ့်ဝင်လာခဲ့ပြီး အင်ပါယာမင် ကောင်းကင် ကိုးဆင့်ကျမ်းကိုလည်း ပိုနားလည်လာခဲ့၏။

အရာခပ်သိမ်း ဖျက်ဆီးခြင်း မိုးကြိုးကပ်ဘေး ကျော်ဖြတ်ပြီးနောက် ဇောင်ယုချန်မှာ ခန္ဓာကိုယ် လမ်းစဉ်၌ အင်မော်တယ် အဆင့် ပြိုင်ဘက်ကင်း

သူတော်စင် တစ်ယောက် ဖြစ်လာလေပြီ။

ထို့အတူ သူ့ခန္ဓာကိုယ်ထဲရှိ သူတော်စင် စည်းမျဉ်းများလည်း နှစ်ဆ ပို များပြားလာသည်။

ပြိုင်ဘက်ကင်း သူတော်စင် အော်ရာ ခံစားရသည်နှင့် ငရဲပြည် ကျင့်ကြံသူများ အားလုံး မတည်ငြိမ်နိုင်တော့ပေ။

လက်ရှိတွင် ဇောင်ယုချန် ခန္ဓာကိုယ်ထက်ရှိ ဒဏ်ရာ အားလုံးလည်း ပျောက်ကင်းသွားပြီ ဖြစ်သည်။

" မင်းက ရမှတ်တိုက်ပွဲ စည်းမျဉ်းတွေကို ချိုးဖျက်ရဲတယ်လား… သေစမ်း…"

ရုတ်တရက် ကောင်းကင်ထက်မှ ပုံရိပ်တစ်ခု ထွက်ပေါ်ပြီး အားကောင်းသော ပြိုင်ဘက်ကင်း သူတော်စင် စွမ်းအားများ ဆင်းသက်လာခဲ့သည်။

ကန်လန်ကမ္ဘာ အပြင်ဘက်တွင် ကောင်းကင်ခုံရုံးနှင့် ငရဲပြည်၏ တရားစီရင်ရေး သံတမန်များက အမြဲတမ်း စောင့်ကြည့်နေသည် မဟုတ်ပါလား။

ယခင်က ဇောင်ယုချန် ငရဲပြည် ကျင့်ကြံသူများအား သီးနှံရိတ်သိမ်းသလို အဆက်မပြတ် သတ်ဖြတ်နေသည်ကို မြင်သည့်တိုင် သူတို့ ဝင်ပါလို့ မရခဲ့ပေ။ ယခုတွင်မူ ဇောင်ယုချန် ပြိုင်ဘက်ကင်း သူတော်စင် ဖြစ်လာသောကြောင့် ငရဲပြည် တရားစီရင်ရေး သံတမန်များအတွက် အခွင့်အရေး ရလာပြီ ဖြစ်သည်။

မျက်စိတစ်မှိတ် အတွင်း ကောင်းကင် တစ်ခွင်လုံးထက် အနက်ရောင် တိမ်တိုက်များ ဖုံးလွှမ်းလာပြီး ကြောက်မက်ဖွယ်ကောင်းသော လျှပ်စီး မိုးကြိုးများ ဇောင်ယုချန်ဆီ ကျဆင်းလာ၏။

ထိုသည်ကို မြင်သော်လည်း ဓောင်ယုချန်က တုန်လှုပ်ခြင်း မရှိချေ။ အင်ပါယာ မွေးဖွားခြင်း လက်နက်ကိုသာ ဝှေ့ယမ်းလိုက်သည်။

" ဂုန်း..."

ကောင်းကင်ထက်မှ ကျဆင်းလာသည့် လျှပ်စီးမိုးကြိုးများမှာ တခဏချင်း ပျောက်ကွယ်သွားသည်။

ဓောင်ယုချန်က သူတော်စင်ဘုရင် အဆင့်တွင် ရှိစဉ်ကတည်းက တရားစီရင်ရေး သံတမန် ကိုယ်ပွားကို အနိုင်ယူနိုင်သောကြောင့် လက်ရှိ ကျင့်ကြံခြင်း အဆင့်ဖြင့် ထိုတိုက်ခိုက်မှုများကို ခုခံဖို့ မခက်ခဲပေ။

ထို့နောက် ကောင်းကင်ထက်၌ ငရဲပြည် တရားစီရင်ရေး သံတမန် ငါးယောက် ပုံရိပ် ထွက်ပေါ်လာပြီး ဓောင်ယုချန်ကို ပူးပေါင်း သတ်ဖြတ်ဖို့ ကြိုးစားသည်။

" ထွက်သွားစမ်း..."

ဓောင်ယုချန်က ကျယ်လောင်စွာ အော်ဟစ်ရင်း အင်ပါယာ မွေးဖွားခြင်း လက်နက် အသုံးပြုပြီး မိုင်ထောင်ပေါင်းများစွာ ရှည်လျားသော နတ်ဘုရား အလင်း ပစ်လွှတ်လိုက်သည်။

" ဂုန်း..."

ငရဲပြည် တရားစီရင်ရေး သံတမန် ငါးယောက်လည်း နောက်ကို လွင့်ထွက်သွားချေပြီ။ ဓောင်ယုချန်က သူတို့နှင့် မီတာ ထောင်ပေါင်းများစွာ ကွာဝေးနေသော်လည်း တိုက်ခိုက်မှုများက သူတို့ကို ထိမှန်နေဆဲပင်။

" မြန်မြန် နောက်ဆုတ်ကြ.... အမှန်တရား ဖွေရှာခြင်းအဆင့် တရားစီရင်ရေး သံတမန်ကို ဆင့်ခေါ်မှ ဖြစ်မယ်... ဓောင်ယုချန် ဒီလို တိုက်ခိုက်နေတာကို ငါတို့ ခွင့်မပြုနိုင်ဘူး..."

ငရဲပြည် တရားစီရင်ရေး သံတမန်များက ချက်ချင်း နောက်ဆုတ်သွားကြသည်။

ဖောင်ယုချန်ကမူ တရားစီရင်ရေး သံတမန်များကို လျစ်လျူရှုထားပြီး ဝမ်ရှင်း ထွက်သွားသည့် လမ်းကြောင်းကို ကြည့်ကာ...

" ဝမ်ရှင်း... ကုံးယွီကို အခုလွှတ်ပေးလိုက်..."

စကားဆုံးသည်နှင့် အင်ပါယာ မွေးဖွားခြင်း လက်နက်ထဲသို့ သူတော်စည်းမျဉ်း သန်းနှစ်ရာ ထည့်သွင်းလိုက်သည်။ အင်ပါယာ မွေးဖွားခြင်း လက်နက်မှ ထွက်ပေါ်လာသည့် ကြောက်မက်ဖွယ်ကောင်းသော နတ်ဘုရားစွမ်းအားများက ငရဲပြည် ကျင့်ကြံသူ ထောင်ပေါင်းများစွာ တမဟုတ်ချင်း ပြာအဖြစ် ပြောင်းလဲသွားစေသည်။

ဖောင်ယုချန်ကမူ အလင်းထက် လျှင်မြန်သော အရှိန်ဖြင့် ရှေ့သို့ ဆက်လိုက်လာခဲ့သည်။

" သူ့ကို တားကြ..."

ငရဲပြည် ထိပ်တန်း ကျင့်ကြံသူ တစ်ယောက်က ကျယ်လောင်စွာ အော်ပြောသည်။

ဖောင်ယုချန်က ပြိုင်ဘက်ကင်း သူတော်စင် တစ်ယောက် ဖြစ်လာသော်လည်း ကျင့်ကြံခြင်းအဆင့် မတည်ငြိမ်သေးသည့် အပြင် ခွန်အားအထွတ်အထိပ်လည်း ပြန်မရသေးပေ။ ထို့အပြင် ဒဏ်ရာများ သက်သာသွားသည့်တိုင် အတွင်းဒဏ်ရာများ ကုသဖို့ အချိန်အနည်းငယ် လိုအပ်ပေသည်။

လက်ရှိ ငရဲပြည် စစ်တပ်တွင် ရာပေါင်းများစွာသော ပါရမီရှင်များ ရှိနေသည့်အပြင် သန်းပေါင်းများစွာသော စစ်သည်များ ပိုင်ဆိုင်ထား

သောကြောင့် အင်မော်တယ်အဆင့် ပြိုင်ဘက်ကင်း သူတော်စင် တစ်ယောက်ကို ကြောက်နေစရာမလိုချေ။

ဇောင်ယုချန် ရှေ့ဆက်တိုးလာသည်နှင့် အမျှ အဝေးရှိ မိုင်ထောင်ပေါင်းများစွာ ရှည်လျားသော ဟင်းလင်းပြင် အက်ကွဲကြောင်းကြီးကို မြင်လိုက်ရသည်။

ထိုအက်ကွဲကြောင်းထဲမှ ငရဲပြည် အော်ရာများ အဆက်မပျက် ဖြာထွက်နေပြီး ပတ်ဝန်းကျင်၌ မြူခိုးများ ဖုံးလွှမ်းလျက် ရှိသည်။

ထိုဟင်းလင်းပြင် အက်ကွဲကြောင်းမှာ ငရဲပြည် မြို့ကြီး ခုနစ်မြို့နှင့် ချိတ်ဆက်နေပြီး အားကောင်းသော နတ်ဘုရား စွမ်းအားများဖြင့် ထိန်းချုပ်ထားသည့် နေရာပင်။

ဂူရှင်းက သူ့နောက်ကို လိုက်နေသည့် ဇောင်ယုချန်ကို လှည့်ကြည့်ကာ...

" ဇောင်ယုချန်... မင်း ခန္ဓာကိုယ်က ငါ့ဆရာအတွက် အသင့်တော်ဆုံးပဲ... ဒါပေမဲ့ ရန်ဂူရှန်က မင်းကို မဖိနှိပ်နိုင်တော့ ချီကုံးယွီကိုပဲ ရွေးချယ်ရတော့မယ်... ငါ့ဆရာရဲ့ ခန္ဓာကိုယ် ဖြစ်ရတာ ချီကုံးယွီအတွက် ဂုဏ်ယူဖို့တောင် ကောင်းသေးတယ်..."

" မင်း ငါ့ကို သတ်ချင်ရင် ငရဲပြည်မှာ အချိန်မရွေး လာရှာလို့ရတယ်... ငါ မင်းကို စောင့်နေမယ်..."

ဂူရှင်းက ဇောင်ယုချန် ငရဲပြည်ထဲ လိုက်လာရဲမည် မထင်ထားသောကြောင့် တမင် ပြောလိုက်ခြင်းပင်။ ထို့နောက် ဟင်းလင်းပြင် အက်ကွဲကြောင်းထဲ ချီကုံးယွီနှင့်အတူ ဝင်ရောက်သွားတော့သည်။

" ဂူရှင်း..."

ဇောင်ယုချန် မျက်လုံးများ ဒေါသကြောင့် နီရဲလာပြီး ဟင်းလင်းပြင်

အက်ကွဲကြောင်းထဲ တိုးဝင်ဖို့ ကြိုးစားသည်။

" ဂုန်း..."

သို့သော် ဟင်းလင်းပြင် အက်ကွဲကြောင်း အပြင်ဘက်ရှိ မီးခိုးရောင် အလင်းတန်းများနှင့် တိုက်မိပြီး နောက်ကိုသာ ပြန်လွင့်ထွက်လာခဲ့၏။

သူ့မျက်လုံးမှာမူ ဟင်းလင်းပြင် အက်ကွဲကြောင်းထံမှ တစ်ဖဝါး မခွာပေ။ ဂူရှင်း ချီကုံးယွီကို ခေါ်ဆောင်သွားသည့် မြင်ကွင်းမှာ သူ့နှလုံးသားကို ဓား အစင်းပေါင်း များစွာဖြင့် ထိုးစိုက်သလို နာကျင်စွာ ခံစားရစေသည်။

ထိုဟင်းလင်းပြင် အက်ကွဲကြောင်းမှာ ငရဲပြည် စစ်တပ်ကို ပို့ဆောင်ဖို့ ဖန်တီးထားခြင်း ဖြစ်သောကြောင့် ငရဲပြည် ကျင့်ကြံသူများသာ ဖြတ်သန်း သွားလာနိုင်သည်။

" ချိုးဖျက်စမ်း..."

ဇောင်ယုချန်က တစ်ကိုယ်လုံး သွေးများဖြင့် စိုရွှဲနေသော်လည်း လက်မ လျှော့ချေ။ မတ်တပ်ရပ်ကာ ဟင်းလင်းပြင် အက်ကွဲကြောင်းကို အင်ပါယာ မွေးဖွားခြင်း လက်နက်ဖြင့် တိုက်ခိုက်သည်။

အင်ပါယာ မွေးဖွားခြင်း လက်နက်မှာ အားကောင်းသော ပြိုင်ဘက်ကင်း သူတော်စင် စွမ်းအားများ ဖြာထွက်လာသော်လည်း ဟင်းလင်းပြင် အက်ကွဲ ကြောင်း အနားရှိ မီးခိုးရောင် အလင်းတန်းများကိုသာ အနည်းငယ် ပျက်ပျ ယ်သွားစေသည်။

ဟင်းလင်းပြင် အက်ကွဲကြောင်းမှာမူ အရာပင် မယွင်းပေ။ ထိုအစား ပို အားကောင်းသော မိုးကြိုးလျှပ်စီးများ မြူခိုးများထဲမှ ထွက်လာပြီး ဇောင်ယု ချန်ကို လာရောက် ထိမှန်သည်။

" ဝေါ့..."

ဇောင်ယုချန် သူတော်စင်သွေးများ အန်ထုတ်လိုက်ရသည်။

သူ့ခန္ဓာကိုယ်ထက်တွင်လည်း အက်ကွဲကြောင်းများဖြင့် ပြည့်နှက်နေပြီး သူတော်စင် စိတ်ဝိညာဉ်ပင် ပျက်ဆီးတော့မည့် အရိပ်အယောင်များ ဖြစ်လာခဲ့သည်။

ဟင်းလင်းပြင် အက်ကွဲကြောင်းကို တည်ဆောက်ထားသည့် မြို့ကြီး ခုနစ်မြို့မှ စွမ်းအားမှာ သာမန် ပြိုင်ဘက်ကင်း သူတော်စင်များ ထိခိုက်အောင် လုပ်နိုင်မည့် အရာ မဟုတ်ချေ။

" ကုံးယွီ... ကုံးယွီ... ကုံးယွီ..."

ဇောင်ယုချန်က အဆက်မပျက် အော်ဟစ်ရင်း ရူးသွပ်နေသူ တစ်ယောက်လို အင်ပါယာ မွေးဖွားခြင်း လက်နက်ဖြင့် အကြိမ်ပေါင်းများစွာ တိုက်ခိုက်တော့သည်။

" ဂုန်း..."

" ဂုန်း..."

....

ဇောင်ယုချန် တိုက်ခိုက်လိုက်တိုင်း သူ့ခန္ဓာကိုယ်ထက် အက်ကွဲကြောင်းများစွာ ဖြစ်လာပြီး သူတော်စင် စိတ်ဝိညာဉ်လည်း အားနည်းလာလေပြီ။

သို့သော် သူ့စိတ်ထဲ မည်သည့်အရာမှ မစဉ်းစားနိုင်တော့ပေ။ ချီကုံးယွီကို ကယ်ချင်သည့် ဆန္ဒတစ်ခုသာ စိုးမိုးထား၏။

သူသာ ချီကုံးယွီကို မကယ်တင်နိုင်လျှင် ကျန်ဘဝတစ်လျှောက်လုံး နောင်တများဖြင့် ပြည့်နှက်ပြီး သေသည်ထက် ဆိုးရွားစွာ ခံစားရမည် မဟုတ်လော။

" သတ်ကြ..."

" ဇောင်ယုချန်ကို သတ်နိုင်တဲ့ ဘယ်သူမဆို ငရဲပြည်မှာ ကျော်ကြားတဲ့ ကျင့်ကြံသူ ဖြစ်လာလိမ့်မယ်..."

ဇောင်ယုချန် နောက်ကို လိုက်လာသည့် ငရဲပြည် စစ်တပ်များက ပြိုင်ဘက်ကင်း သူတော်စင် လက်နက်များနှင့် အကြို ပြိုင်ဘက်ကင်း သူတော်စင် လက်နက်များ အပါအဝင် သူတော်စင် လက်နက် တစ်သန်း ကျော်ဖြင့် ပစ်လွှတ် တိုက်ခိုက်ကြသည်။

" သေစမ်း..." ဇောင်ယုချန်က ကျယ်လောင်စွာ အော်ဟစ်လိုက် သော်လည်း လုံး၀ ခုခံခြင်း မရှိပေ။ ထိုအစား သူ့ရှေ့ရှိ ဟင်းလင်းပြင် အက်ကွဲကြောင်းကိုသာ အရူးအမူ တိုက်ခိုက်နေဆဲပင်။

" ဝုန်း.. ဝုန်း... -ဝုန်း..."

ထောင်ပေါင်းများစွာသော လက်နက်များ ထိမှန်သည်နှင့် ဇောင်ယုချန် ခန္ဓာကိုယ် တစ်ခုလုံး အက်ကွဲကာ သွေးမှုန်များ အဖြစ် ပြောင်းလဲသွား တော့သည်။

" ကုံးယွီ..."

မချိတင်ကဲ ရေရွတ်သံနှင့်အတူ ဇောင်ယုချန် ခန္ဓာကိုယ်လည်း လေထဲမှ ပြုတ်ကျလာခဲ့လေပြီ။ လက်ရှိတွင် ဇောင်ယုချန် ခန္ဓာကိုယ်ထက် အသား များပင် မကျန်တော့ပေ။ ပြိုင်ဘက်ကင်း သူတော်စင် လက်နက် သန်းပေါင်း များစွာ ဝိုင်း၀န်း တိုက်ခိုက်မှုကြောင့် အရေပြားများ အားလုံး စုတ်ပြဲ လောင်ကျွမ်းကုန် သဖြင့် အရိုးစုသာ ကျန်ရစ်သည်။

ထို့အတူ အော်ရာမှာလည်း တဖြည်းဖြည်း အားနည်းလာပြီး စိတ်ဝိညာဉ် အက်ကွဲထွက်ကာ သူတော်စင် စိတ်ဝိညာဉ်ပါ လုံးဝဥဿုံ ပျောက်ကွယ်သွား လေတော့သည်။

" ဒါ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ..."

ဇောင်ယုချန်၏ အော်ရာနှင့် အသက်ဓာတ် ချုပ်ငြိမ်းသွားသည်ကို မြင်လျှင် လျို့ရှုမိုးနွယ် မင်းသမီး အံ့သြတကြီး ရေရွတ်မိလိုက်သည်။

သခင်ရွှယ်ချန်နှင့် ရွှယ်လင်ရှောင်တို့ကမူ တစ်ယောက်ကိုယ် တစ်ယောက် ကြည့်ကာ ကူကယ်ရာမဲ့စွာဖြင့် သက်ပြင်းချလိုက်ကြသည်။

" ဟား ဟား... နောက်ဆုံးတော့ မင်း သေသွားပြီပေါ့ ဇောင်ယုချန်ရာ... မင်း ဘယ်လောက်ပဲ အားကောင်းနေနေ ငရဲပြည် ရန်သူ ဖြစ်လာရင်တော့ ဒီလို အဆုံးသတ်နဲ့ပဲ ကြုံရလိမ့်မယ်..." ရှီကျွယ်ရှင်းက ပျော်ရွှင်မှုကို ထိန်းချုပ် မထားတော့ဘဲ ကျယ်လောင်စွာ ရယ်မောလိုက်သည်။

ရှီကျွယ်ရှင်း အပြင် အခြား ငရဲပြည် ကျင့်ကြံသူများလည်း ကျယ်လောင်စွာ ရယ်မောနေကြ၏။

ဇောင်ယုချန် မည်မျှ အားကောင်းနေပါစေ နောက်ဆုံး သူတို့လက်ထဲ သေဆုံးခဲ့ပြီ မဟုတ်ပါလား။

ဤမတိုင်ခင် ပေးဆပ်ခဲ့ရသည့် အရာအားလုံးမှာ ထိုက်တန်သည်ဟု ဆိုရပေမည်။

***